# ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ်ဝယ်ယူခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်းသည့် ကြေညာချက်

၁။ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ်ဝယ်ယူခွင့်ပြုရေးကိစ္စနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည် –

(က) ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိပြီး ( ၁–၁၀–၂၀၂၀ ) ရက်နေ့တွင် အသက် (၅၇) နှစ်နှင့်အထက်ရှိသည့် ပင်စင်ယူရန် ( ၃ ) နှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ (သက်ပြည့်အငြိမ်းစားမယူမီကြိုတင်ပြင်ဆင်ခွင့် ခံစားနေသော ဝန်ထမ်းများအပါ) အမြဲတမ်းအတွင်းဝန်ရာထူးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအထိ ဝန်ထမ်းများအား ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အောက်အဆင့် ဝန်ထမ်းများအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုပါမည်။

( ခ ) တပ်မတော်မှ နယ်ဘက်သို့ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခဲ့သူများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနတွင် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် လျှောက်ထားရရှိပြီးမှသာ မော်တော်ယာဉ်တင်သွင်း/ဝယ်ယူခွင့်ပြုပါမည်။

( ဂ ) တပ်မတော်သားအရာရှိကြီးများအား ရာထူးအဆင့်အလိုက် အချိန်ကန့်သတ်ချက်ဖြင့်အငြိမ်းစားယူရန်သတ်မှတ်ထားသည့်အတွက်စစ်မှုထမ်းကောင်းတံဆိပ်ရရှိထားသည့် ပင်စင်ယူရန် (၃) နှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲ တပ်မတော်သား ( အမြဲတမ်းအတွင်းဝန် / ညွှန်ကြားရေးမှူးချုပ်အဆင့်မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ) (၅၀၁) ဦးအား ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ စစ်မှုထမ်းကောင်းတံဆိပ်ရရှိထားသည့် ပင်စင်ယူရန် (၃) နှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲ တပ်မတော်သား ( လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ရုံးအကူအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ ) (၄၀၄၉) ဦးအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုပါမည်။

(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပင်စင်ယူရန် ( ၃ ) နှစ်အလိုဖြစ်သော ရဲမှုထမ်းကောင်းတံဆိပ်ရရှိထားသည့် တာဝန်ထမ်းဆောင်ဆဲ ရဲတပ်ဖွဲ့ဝင် ( အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဆင့်မှ ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့်ရာထူးအဆင့်တူညီသူ) (၁၂၆) ဦးအား ပြည်ပမှ မော်တော်ယာဉ်

တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ ပင်စင်ယူရန် (၃) နှစ်အလိုဖြစ်သော ရဲမှုထမ်းကောင်းတံဆိပ်ရရှိထားသည့် တာဝန်ထမ်းဆောင်ဆဲ ရဲတပ်ဖွဲ့ဝင် (လက်ထောက်ညွှန်ကြားရေးမှူးအဆင့်မှ ရုံးအကူအဆင့်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် ရာထူးအဆင့်တူညီသူ) (၁၀၂၁) ဦးအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုပါမည်။

( င ) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တာဝန်ထမ်းဆောင်နေသော စည်ပင်သာယာရေးဝန်ထမ်းများထဲမှ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားပြီး (၁-၁၀-၂၀၂၀) ရက်နေ့တွင် အသက် (၅၇) နှစ်နှင့်အထက်ရှိသည့် ပင်စင်ယူရန် (၃) နှစ်အလိုဖြစ်သော တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ (သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားနေသည့် ဝန်ထမ်းများအပါ) အမြဲတမ်းအတွင်းဝန်ရာထူးမှ ဒုတိယညွှန်ကြားရေးမှူးရာထူးအထိ ဝန်ထမ်းများအား ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခွင့် သို့မဟုတ် ပြည်တွင်းအရောင်းပြခန်းများမှ ဝယ်ယူခွင့်ပြုပါမည်။ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အောက်အဆင့် ဝန်ထမ်းများအား ပြည်တွင်းမှ SKD စနစ်ဖြင့် ထုတ်လုပ်သော မော်တော်ယာဉ်များကို ဝယ်ယူခွင့်ပြုပါမည်။

**ရှင်းလင်းချက်။** ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားပြီး ပင်စင်ယူရန် (၃) နှစ်အလို နိုင်ငံ့ဝန်ထမ်းအရေအတွက်မှာ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းအင်အား (၁၁) သိန်း၏ ၁% ကျော်သာရှိသည့်အတွက် တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကိုလည်း နိုင်ငံ့ဝန်ထမ်းများနည်းတူ ယင်းတို့အင်အား၏ ၁% ကျော်အား မော်တော်ယာဉ်တင်သွင်းခွင့်/ ဝယ်ယူခွင့် ခွင့်ပြုထားခြင်းဖြစ်ပါသည်။

၂။ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် မော်တော်ယာဉ်ဝယ်ယူခွင့်ပြုရာတွင် ခွင့်ပြုမည့် ငွေပမာဏအား ရာထူးအဆင့်အလိုက် အောက်ပါအတိုင်း ခွင့်ပြုသွားမည် ဖြစ်ပါသည် -

| စဉ် | ရာထူး | တန်ဖိုး |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် | သိန်း ၅၀၀ နှင့်ညီမျှသော CIF တန်ဖိုး |
| ( ခ ) | ဒုတိယညွှန်ကြားရေးမှူးချုပ် | သိန်း ၃၀၀ နှင့်ညီမျှသော CIF တန်ဖိုး |
| ( ဂ ) | ညွှန်ကြားရေးမှူး | သိန်း ၃၀၀ နှင့်ညီမျှသော CIF တန်ဖိုး |
| (ဃ) | ဒုတိယညွှန်ကြားရေးမှူး | သိန်း ၃၀၀ နှင့်ညီမျှသော CIF တန်ဖိုး |
| ( င ) | လက်ထောက်ညွှန်ကြားရေးမှူးနှင့်အောက်အဆင့် | သိန်း ၃၀၀ နှင့်ညီမျှသော စက်ရုံထုတ်ရောင်းဈေး |

၃။ နောင်နှစ်များတွင်လည်း အောက်တိုဘာလ ( ၁ ) ရက်နေ့၌ အသက် ( ၅၇ ) နှစ်နှင့် အထက်ကိုရှိလာမည့်ပင်စင်ယူရန် ( ၃ )နှစ်အလိုဖြစ်သော ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိထားပြီး တာဝန်ထမ်းဆောင်ဆဲ ပြည်သူ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းများအား မော်တော်ယာဉ်တင်သွင်း/ ဝယ်ယူခွင့်ကို ထုတ်ပြန်ကြေညာခွင့်ပြုသွားမည်ဖြစ်ပါသည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**